



# ရိုဟင်ဂျာများအတွက် ကမ္ဘာ့ဆုတောင်းရာနေ့

၄ ရက် အောက်တိုဘာလ ၂၀၂၆ ခုနှစ်



အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည် ကိုယ်တိုင်လိုက်၍ငါ့သိုးတို့ကိုရှာမည်။ ကွဲပြားလျက်ရှိသောမိမိသိုးတို့တွင် သိုးထိန်းရောက်သောအခါ ကြိုးစား၍ရှာသကဲ့သို့၊ ငါသည်လည်း ငါ့သိုးတို့ကိုကြိုးစား၍ရှာမည်။ မိုးအုံ့၍မိုက်သောနေ့၌သူတို့ကွဲပြားသောအရပ်ရပ်တို့က ငါနုတ်ဆောင်မည်။
(ယေ၊ ၃၄း၁၁-၁၂)

ဤသိုးခြံသို့မဝင်သောအခြားသိုးတို့ကိုလည်း ငါပိုင်သေး၏။ ထိုသိုးတို့ကို ငါဆောင်ခဲ့ရမည်။ သူတို့သည်လည်း ငါ့စကားသံကိုနားထောင်သဖြင့်၊ သိုးခြံတစ်ခုသိုးထိန်းတစ်ပါးတည်းရှိရလိမ့်မည်။
(ယော၊ ၁၀း၁၆)

## သိုးထိန်းရှင်နောက်သို့လိုက်လျှောက်ခြင်း

သမ္မာကျမ်းစာတစ်အုပ်လုံးတွင် ဘုရားသခင်သည် ပျောက်ဆုံးနေသောသူတို့ကိုရှာဖွေသော၊ ကွဲလွင့်နေသောသူတို့ကို စုသိမ်းသော၊ မိမိလူတို့ကို လမ်းပြပို့ဆောင်သောသိုးထိန်းရှင်အဖြစ် မိမိကိုယ်ကို ဖွင့်ပြထားပါသည်။ ရိုဟင်ဂျာယုံကြည်သူများသည် ဤအမှန်တရားကို ကောင်းစွာသိရှိကြပါသည်။ မသေချာမရေရာမှု၊ နေရပ်စွန့်ခွာမှုနှင့် ကျပ်တည်းခဲယဉ်းမှုများအလယ်မှာပင် သူတို့သည် ကောင်းသောသိုးထိန်းရှင်၏စောင့်ရှောက်မှုကို ဆက်လက်ခံစားရပါသည်။ လွန်ခဲ့သောတစ်နှစ်အတွင်း ရိုဟင်ဂျာယုံကြည်သူအများအပြားသည် မမျှော်လင့်သောစုံစမ်းမှုများနှင့် ခက်ခဲသောခရီးများကို ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း ဘုရားသခင်သည် သစ္စာရှိတော်မူသည်။ သူတို့သည် တမန်တော်ရှင်ပေါလုကဲ့သို့ပင် ဦးတည်ရာလမ်းမသဲကွဲသောအချိန်တွင် သိုးထိန်းရှင်၏လက်တော်ကို ယုံကြည်ကိုးစားရန် သင်ယူခဲ့ကြသည်။ ကိုယ်တော်သည် သူတို့ကို လမ်းပြသည်၊ ပံ့ပိုးပေးသည်၊ ဆက်လက်ရပ်တည်နိုင်ရန် မစသည်။

ယနေ့ ကျွန်ုပ်တို့ဆုတောင်းကြစဉ်၊ အသက်နှင့်မျှော်လင့်ခြင်းကိုပေးသော၊ မိမိ၏စောင့်ရှောက်မှုအောက်တွင် မိမိ၏လူစုကို သိုးအုပ်ကြီးတစ်စုအဖြစ်စုသိမ်းတော်မူသော ကောင်းသောသိုးထိန်းရှင် သခင်ယေရှုကို ချီးမွမ်းကြပါစို့။

## အောက်ပါအချက်များအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကိုချီးမွမ်းပါ။

- လွန်ခဲ့သောတစ်နှစ်အတွင်း ယုံကြည်ခြင်းသို့ရောက်လာသော ရိုဟင်ဂျာညီအစ်ကိုမောင်နှမများအတွက်နှင့် ဤအရာကြောင့် ကောင်းကင်တွင် ဆောင်ကြဉ်းပေးသောဝမ်းမြောက်ခြင်းအတွက် (လု၊ ၁၅း၇)
- နောက်ထပ်လုပ်သားများပေးဖို့ဆုတောင်းခြင်းကို နားညောင်းပေးတဲ့အတွက်၊ မိမိ၏ယုံကြည်ခြင်းအကြောင်းကို ဝေမျှပြီး အခြားသူများကို ယေရှုနောက်လိုက်ရန် ကူညီနေသောရိုဟင်ဂျာယုံကြည်သူများအတွက် (လု၊ ၁၀း၂)
- အခြားသူများကို ဂရုစိုက်ပြီး လက်တွေ့ကျသောနည်းလမ်းများဖြင့် မေတ္တာပြနေသော ရိုဟင်ဂျာယုံကြည်သူအသိုင်းအဝိုင်းထဲက ခေါင်းဆောင်များအတွက် (ယော၊ ၁၃း၃၅)
- ခက်ခဲသောခရီးစဉ်များနှင့် အပြောင်းအလဲရှိနေသောကာလများအတွင်း ရိုဟင်ဂျာယုံကြည်သူများအတွက် ကောင်းသောသိုးထိန်းရှင်၏အကူအညီနှင့် ကွယ်ကာပေးမှုအတွက်။ အထူးသဖြင့် (ဆာ၊ ၁၂၄) နှင့် (ဟေရှာ၊ ၄၃း၁-၂၁) ထဲက နှုတ်ကပတ်တော်မှတစ်ဆင့် နှစ်သိမ့်ပေးမှုနှင့် ခွန်အားပေးမှုအတွက် ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်းပါ။
- ကျမ်းစာဘာသာပြန်ခြင်းလုပ်ငန်းတွင် တိုးတက်မှုအတွက်နှင့် ရိုဟင်ဂျာအသိုင်းအဝိုင်းများကြားတွင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျယ်ကျယ်ပြန့်ပြန့်မျှဝေနိုင်ရန် မီဒီယာနှင့် နည်းပညာများကို အသုံးပြုနိုင်ခြင်းအတွက် (မ၊ ၁၃း၁-၈)

## ဆုတောင်းခံချက်များ

- ရိုဟင်ဂျာယုံကြည်သူများသည် သူတို့နှင့်အတူကောင်းသောသိုးထိန်းရှင်သည် နေ့စဉ်ရှိတော်မူသည်ကိုသိရှိပြီး ဖိအားများအောက်တွင် ခိုင်ခံ့စွာရပ်တည်နိုင်ရန် ဆုတောင်းကူညီပါ။ (ဆာ၊ ၂၃း၆)
- ကျမ်းသာဘာသာပြန်ခြင်းလုပ်ငန်းအတွက်ဆုတောင်းပါ။ စည်းလုံးညီညွတ်မှု၊ ဘေးကင်းလုံခြုံမှု၊ ဉာဏ်ပညာနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်သည် စစ်မှန်သောပြောင်းလဲမှုကိုဖော်ဆောင်ပေးဖို့ ဆုတောင်းကူညီပါ။ (ဟေရှာ၊ ၅၅း၁၁)
- ရိုဟင်ဂျာများကိုလက်ခံထားသည့် အိမ်ရှင်နိုင်ငံများထဲက အစိုးရခေါင်းဆောင်များသည် တရားမျှတစွာဆောင်ရွက်ရန်၊ ကရုဏာကိုနှစ်သက်ရန်နှင့် ပညာရှိသောဆုံးဖြတ်ချက်များချနိုင်ရန် ဆုတောင်းကူညီပါ။ (မိ၊ ၆း၈။ ၁တိ၊ ၂း၁-၄)
- ရိုဟင်ဂျာအသိုင်းအဝိုင်းများအပေါ်မှာ ဘုရားသခင်၏ဝိညာဉ်တော်သွန်းလောင်းပေးရန်၊ အိမ်မက်ရူပါရုံများမှတစ်ဆင့် လူများကို ကိုယ်တော်ဘုရားထံကို ညွှန်ပြရန် ဆုတောင်းကူညီပါ။ (တ၊ ၂း၁၇-၂၁)
- ယုံကြည်သူများသည် နက်ရှိုင်းသောဝိညာဉ်ရေးရာဆာငတ်မှုရှိလာရန်၊ ပျောက်ဆုံးနေသောသူများနှင့် ရှာဖွေနေသောသူများကိုဆက်သွယ်တတ်ရန် ဆုတောင်းကူညီပါ။ (လု၊ ၁၅း၄)

**ကျွန်ုပ်တို့နှင့်အတူ ဆုတောင်းကူညီပေးခြင်းအတွက် ကျေးဇူးတင်ပါသည်။**

www.pray4rohingya.com